ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် (၂၃ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင်၂၀၂၆ ခုနှစ် ကမ္ဘာ့ AI နည်းပညာကွန်ဖရင့်နှင့် ကမ္ဘာလုံးဆိုင်ရာ AI နည်းပညာအုပ်ချုပ်မှု ထိပ်သီးအစည်းအဝေး ကျင်းပခြင်း | ၂ - ၃ |
| ၂။ | အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်မှတ်မထိုးဘဲ အိမ်ရာဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ်အတည်ပြုချက်ဖြင့် ဥပဒေပြဋ္ဌာန်းရန် အသင့်ရှိနေ | ၄ - ၅ |
| ၃။ | လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ဥပဒေဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန် ကုလသမဂ္ဂကျွမ်းကျင်သူများက ဗင်နီဇွဲလားနိုင်ငံရှိ အာဏာပိုင်များအား တိုက်တွန်းပြောကြားခြင်း | ၆ - ၇ |
| ၄။ | ခွေးကို သခင်ခရစ်ရှုနာအဖြစ် ဝတ်ဆင်ပေးမှုသည် ဘာသာရေးဆိုင်ရာ စော်ကားခြင်း မဟုတ်ဟု ပန်ဂျပ်နှင့် ဟာရီယာနာပြည်နယ်တရားရုံး ဆုံးဖြတ် | ၈ - ၁၀ |

## တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင်၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ AI နည်းပညာ ကွန်ဖရင့်နှင့် ကမ္ဘာလုံးဆိုင်ရာ AI နည်းပညာအုပ်ချုပ်မှု ထိပ်သီးအစည်းအဝေးကျင်းပခြင်း

AIနည်းပညာသည် မျက်မှောက်ခေတ်တွင် လူအများကြား၌ တွင်ကျယ်စွာ အသုံးပြုလာသော နည်းပညာဖြစ်ပါသည်။ AIနည်းပညာနှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် 2026 World Artificial Intelligence Conference (WAIC) & High-Level Meeting on Global AI Governance တွင် သမ္မတ ရှီကျင်းဖျင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

သမ္မတ ရှီကျင်းဖျင်က AI နည်းပညာသည် အရှိန်အဟုန်ပြင်းစွာ တိုးတက်နေသော ပညာရပ်ဖြစ်ကြောင်း၊ သို့သော် AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၊ ကုမ္ပဏီတစ်ခုတည်းက လက်ဝါးကြီးအုပ်ခြင်းမျိုး မဖြစ်သင့်ကြောင်း၊ အများပြည်သူအကျိုးစီးပွားကို အထောက်အပံ့ပေးသော နည်းပညာသာ ဖြစ်သင့်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် Open -Source Technology ကို အားပေးသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း AI နည်းပညာနှင့် စွမ်းရည်ကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန်ရည်ရွယ်၍ ပညာသင်ဆုနှင့် ခေါ်ယူသင်ကြားပေးမည်ဖြစ်ကြောင်း၊ အာဆီယံ (ASEAN)၊ အာဖရိကသမဂ္ဂ(AU)၊ BRICS နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ၊ (SCO)တို့လို ဒေသတွင်းအဖွဲ့များနှင့်ပူးပေါင်း၍ AI အသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာများ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအပါအဝင် လက်ရှိအဖွဲ့ဝင် ၂၉ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် WAICO ၏ ရည်ရွယ်ချက်ဖြစ်သော AI ဖွံ့ဖြိုးရေးနှင့် စည်းမျဉ်းရေးရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အလေးပေးသွားမည်ဖြစ်ကြောင်း၊AI နည်းပညာသည် မကြုံစဖူးပင် အရှိန်အဟုန်နှင့် တိုးတက်လျက်ရှိသော်လည်း လူသားများ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိနေရမည်ဖြစ်ကြောင်း၊ AI နည်းပညာကို မတော်လွဲမှားစွာအသုံးပြုခြင်းမှ တားဆီးရန် တင်းကြပ်သောဥပဒေနှင့် နည်းပညာပိုင်း

ဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုများ လိုအပ်ကြောင်း၊ ကြိုတင်သတိပေးစနစ်များ၊ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ မူဘောင်များ လိုအပ်ကြောင်း အလေးအနက်ထားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥပဒေများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.reuters.com/video/watch/idRCV00GSFV/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၃ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏လက်မှတ်မထိုးဘဲ အိမ်ရာဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ်အတည်ပြုချက်ဖြင့် ဥပဒေအဖြစ်ပြဋ္ဌာန်းရန် အသင့်ရှိနေ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သောကြာနေ့တွင် ကွန်ဂရက်လွှတ်တော်က သမ္မတ၏ ဗီတိုအာဏာဖြင့် ပယ်ချ၍မရသော ထောက်ခံမဲ အရေအတွက်ဖြင့် အတည်ပြုခဲ့သည့် အိမ်ရာဆိုင်ရာ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးရန် ငြင်းဆိုမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထိုသို့ပြောကြားခြင်း သည် ဥပဒေပြုအဖွဲ့ဝင်များ အတည်ပြုပြီးဖြစ်သည့် ဥပဒေကြမ်းကို ပြဋ္ဌာန်းခြင်း မပြုနိုင်ရန် ပိတ်ပင် တားဆီးမည့် အမေရိကန်သမ္မတ၏ အာဏာအကန့်အသတ်ကို စမ်းသပ်လိုက်ခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်က အထက်လွှတ်တော်၏ အမေရိကန်မဲဆန္ဒရှင်များ၏ အရည်အချင်းကို ကာကွယ်ရေးဥပဒေ(Safeguard American Voter Eligibility Act)သို့မဟုတ် SAVE America Actကို အတည်မပြုနိုင်ခြင်းအပေါ် ဆန္ဒပြသည့်အနေဖြင့် လက်မှတ်ရေးထိုးခြင်းကို ရပ်ဆိုင်းထားမည်ဟု ပြောကြားခဲ့သည်။ အဆိုပါဥပဒေကြမ်းသည် ဖက်ဒရယ်ရွေးကောက်ပွဲများတွင် မဲပေးရန် နိုင်ငံသား ဖြစ်ကြောင်း၊ စာရွက်စာတမ်းအထောက်အထားများ မှတ်ပုံတင်ရန်နှင့် ဓာတ်ပုံအထောက်အထားများ လိုအပ်မည်ဖြစ်သည်။ အောက်လွှတ်တော်မှ အဆိုပါဥပဒေကြမ်းကို ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့ သော်လည်း အထက်လွှတ်တော်တွင် ဥပဒေပြဋ္ဌာန်းနိုင်ရန် လိုအပ်သည့် မဲ ၆၀ မရရှိသောကြောင့် အထက်လွှတ်တော်တွင် ရပ်တန့်နေခဲ့သည်။

အိမ်ရာဆိုင်ရာဥပဒေကြမ်းဖြစ်သည့် 21st Century ROAD to Housing Act သည် အထက် လွှတ်တော်က အတည်ပြုပြီးနောက် ပြီးခဲ့သည့်လက အောက်လွှတ်တော်တွင် ထောက်ခံမဲ ၃၅၈ မဲ နှင့် ကန့်ကွက်မဲ ၃၂ မဲဖြင့် အတည်ပြုခဲ့သည်။၎င်းသည် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအား မိသားစုလုံးချင်းနေအိမ် (single-family home)များကို ဝယ်ယူခြင်းမှ တားမြစ်မည်ဖြစ်ပြီး နိုင်ငံ တစ်ဝန်း အိမ်ရာထောက်ပံ့မှု တိုးမြှင့်ရန်အတွက် ဆောက်လုပ်ရေးစည်းမျဉ်းများကို လျှော့ပေါ့ပေးမည် ဖြစ်သည်။

ဒေါ်နယ်ထရမ့်၏ ငြင်းဆိုမှုသည် လက်တွေ့အကျိုးသက်ရောက်မှု အနည်းငယ်သာရှိနိုင်ပြီး အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၁၊ ပုဒ်မ ၇ အရ သမ္မတသည် ၁၀ ရက်အတွင်း အရေးယူဆောင်ရွက်ခြင်း မရှိပါက ဥပဒေကြမ်းသည် အမေရိကန်သမ္မတ၏ လက်မှတ်မပါဘဲ ဥပဒေဖြစ်လာမည် ဖြစ်သည်။

အဆိုပါဥပဒေကြမ်းကို ဝေဖန်သူများက နိုင်ငံသားဖြစ်ကြောင်း အထောက်အထား လိုအပ်ချက်သည် နိုင်ငံကူးလက်မှတ် သို့မဟုတ် မွေးစာရင်းကဲ့သို့သော စာရွက်စာတမ်းများကို အလွယ်တကူ မရရှိနိုင်သော သန်းနှင့်ချီသည့် အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့်ကို ဆုံးရှုံးသွားနိုင်သည်ဟု ဆိုကြသည်။ရလဒ်အနေဖြင့် သန်းနှင့်ချီသော အရည်အချင်းပြည့်မီသည့် မဲဆန္ဒရှင်များသည် အစိုးရမှထုတ်ပေးသော ဓာတ်ပုံပါ သက်သေခံအထောက်အထားနှင့် နိုင်ငံသားဖြစ်ကြောင်း အထောက်အထားနှစ်ခုစလုံး မရှိကြပဲ နှစ်ခုစလုံးလိုအပ်စေခြင်းသည် မဲပေးပိုင်ခွင့် အပြည့်အဝရှိသော ပြည်သူများအတွက် မဲရုံတွင် အတားအဆီးတစ်ခု ဖြစ်လာမည်ဟု အတိုက်အခံများက ပြောကြားခဲ့ကြကြောင်း သိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံ ဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/07/bipartisan-housing-measure-poised-to- become-law-as-trump-withholds-signature-in-protest/

## လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ဥပဒေဆိုင်ရာအတားအဆီးများကို ဖယ်ရှားရန် ကုလသမဂ္ဂကျွမ်းကျင်သူများက ဗင်နီဇွဲလားနိုင်ငံရှိ အာဏာပိုင်များအား တိုက်တွန်းပြောကြားခြင်း

၂၀၂၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ဗင်နီဇွဲလားနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်များကြောင့် ဗင်နီဇွဲလားနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်း ပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူများက သတိပေးပြောဆိုခဲ့ပြီး အကျိုးအမြတ်ရယူခြင်း မရှိသော အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပေးအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် ထားရှိသည့် ဥပဒေဆိုင်ရာအတားအဆီးများ(Legal Barriers)ကို ဖယ်ရှားရန် အာဏာပိုင်များကို တိုက်တွန်းခဲ့သည်။

ကုလသမဂ္ဂက ဗင်နီဇွဲလားနိုင်ငံရှိတာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် ထားရှိသည့် ကန့်သတ်ချက်များကို ဖယ်ရှားရန်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းကို “အကူအညီပေးရေးလုပ်ငန်းစဉ်များတွင် အဓိကမိတ်ဖက်”အဖြစ် လေးစားရန် တောင်းဆိုခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂက ဗင်နီဇွဲလားအာဏာပိုင်များအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ၎င်းတို့၏တုံ့ပြန်မှုများကို ဆောင်ရွက်ရန်လည်း တိုက်တွန်းခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် ဇွန်လ ၂၄ ရက်နေ့က ဖြစ်ပွားခဲ့သော ငလျင်လှုပ်ခတ်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်နေရချိန်တွင် ထိခိုက်နစ်နာခဲ့ရသော လူမှုအသိုင်းအဝိုင်းများသို့ အကူအညီနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ပေးအပ်ခွင့်ပြုရန် အရေးကြီးကြောင်းနှင့် ဗင်နီဇွဲလားနိုင်ငံရှိ တာဝန်ရှိသူများအနေဖြင့် “လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များကို လွယ်ကူချောမွေ့စေရန်နှင့် အဖွဲ့အစည်းအားလုံး၏ လုပ်ငန်းဆောင်တာများကို လေးစားရန်”စသည့်အချက်ကို ဦးစားပေးရမည်ဟု ကုလသမဂ္ဂက အဓိကထားပြောကြားခဲ့သည်။

ထို့ပြင် ကျွမ်းကျင်သူများက ဗင်နီဇွဲလားအာဏာပိုင်များသည် ကန့်သတ်ချက်များကို အဆုံးသတ်ရမည်ဖြစ်ပြီး တရားမျှတမှုမရှိသော ကန့်သတ်ချက်များမှ ကင်းလွတ်ကာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက် အဟန့်အတားမရှိ ဝင်ရောက်နိုင်စေရန်အတွက် ဒုက္ခသည်များကို အဓိကထား၍ လူ့အခွင့်အရေးအခြေခံချဉ်းကပ်မှုဖြင့် ညှိနှိုင်းတုံ့ပြန်မှုတစ်ရပ်ရရှိရန် အရေးတကြီး လိုအပ်ကြောင်း ပြောကြားခဲ့ကြသည်။

နိုင်ငံတကာဘေးအန္တရာယ်တုံ့ပြန်ရေးဥပဒေသည် နိုင်ငံတကာအကူအညီများနှင့် နိုင်ငံတကာဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများမှ ပေါ်ပေါက်လာနိုင်သည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတားအဆီးများကို မည်သို့လျှော့ချရမည်ဖြစ်ကြောင်းနှင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများကို အစိုးရအား လမ်းညွှန်ပေးသည့် နိုင်ငံတကာဥပဒေဖြစ်သည်။

ဘဏ်များသည် ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများကို စည်းမျဉ်းများနှင့်အညီ အထူးဂရုပြုကြီးကြပ်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူများက အလေးပေးပြောကြားခဲ့သည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference:

https://www.jurist.org/news/2026/07/un-experts-urge-venezuela-to-remove-legal-barriers-to-humanitarian-aid/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၂၃ )　　၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်

## ခွေးကို သခင်ခရစ်ရှနာအဖြစ် ဝတ်ဆင်ပေးမှုသည် ဘာသာရေးဆိုင်ရာစော်ကားခြင်း မဟုတ်ဟု ပန်ဂျပ်နှင့် ဟာရီယာနာပြည်နယ်တရားရုံး ဆုံးဖြတ်

သခင်ခရစ်ရှနာမွေးနေ့ဖြစ်သည့် ဇန္မရှဋ္ဌမီ(Janmashtami)အခါသမယတွင် အမျိုးသမီးတစ်ဦးသည် ၎င်း၏အိမ်မွေးခွေးကို သခင်ခရစ်ရှနာအဖြစ် ဝတ်ဆင်ကာ WhatsApp(status)တွင် တင်ခဲ့သောကြောင့် တိုင်ကြားခံရသည့်အမှုအား ရည်ရွယ်ချက်မရှိဘဲ ပြုလုပ်မှုသည် အချို့လူများ၏ ခံစားချက်ထိခိုက်သည်ဟု ဆိုရုံမျှဖြင့် ရာဇဝတ်ဥပဒေကို အသုံးမပြုနိုင်ဟု အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်နှင့် ဟာရီယာနာပြည်နယ်၏ အမြင့်ဆုံးတရားရုံးက ဆုံးဖြတ်၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် အမှုအား ပယ်ဖျက်သည့် အမိန့်ချမှတ်ခဲ့ပါသည်။

တရားသူကြီး ဆွတ်ဘတ်စ် မဲဟ်လာ(Subhas Mehla)သည် Bharatiya Nyaya Sanhita (BNS)ပုဒ်မ ၂၉၈ အရ မှတ်ပုံတင်ထားသည့် အမှုအား ရာဇဝတ်မှုကျူးလွန်ရန်အတွက် လိုအပ်သည့် ရည်ရွယ်ချက် (mens rea) လုံးဝမရှိကြောင်း သုံးသပ်၍ ပယ်ချခဲ့ပါသည်။

တရားရုံးက ဆုံးဖြတ်သည့် Bharatiya Nyaya Sanhita (BNS) ဆိုသည်မှာ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး Indian Penal Code (IPC)ကို အစားထိုးထားသည့် အိန္ဒိယဘာသာစကားအခေါ် အိန္ဒိယတရားစီရင်ရေးကျင့်ထုံးဥပဒေ ဖြစ်ပါသည်။ယင်းဥပဒေ ပုဒ်မ ၂၉၈ တွင် “မည်သူမဆို ကိုးကွယ်ရာနေရာ(သို့မဟုတ်) မည်သည့်လူတန်းစား၏ ဘာသာရေးအရ မြင့်မြတ်သည်ဟု သတ်မှတ်ထားသော မည်သည့်အရာဝတ္ထုကိုမဆို ထိုလူတန်းစား၏ ဘာသာတရားကို စော်ကားလိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ သို့မဟုတ် မည်သည့်လူတန်းစားက ယင်းပျက်စီးခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းအား ၎င်းတို့၏ဘာသာတရားကို စော်ကားမှုအဖြစ် သဘောထားဖွယ်ရှိသည်ကို သိရှိလျက်ဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်း ပြုလျှင် ထိုသူအား နှစ်နှစ်အထိ ကျခံရနိုင်သော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ၊ သို့မဟုတ် နှစ်မျိုးလုံးဖြစ်စေ ချမှတ်၍ အပြစ်ပေးခံရမည်”ဟု ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါအမှုသည် ရှစ်ဗ်စီနာ(Shiv Sena) လူငယ်ခေါင်းဆောင်တစ်ဦးက WhatsApp (Status)တွင် တင်ထားသည့် ဓာတ်ပုံသည် ဟိန္ဒူဘာသာဝင်များ၏ ဘာသာရေးခံစားချက်ကို ထိခိုက်စေသည်ဟု စွပ်စွဲတိုင်ကြားချက်အရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးမှုတွင် အဆိုပါအမျိုးသမီးက သူမနှင့်ခင်ပွန်းသည် ခြောက်နှစ်ကြာ သားသမီးမရှိခဲ့ဘဲ အိမ်မွေးခွေးကို ကိုယ်ပိုင်ကလေး ကဲ့သို့ သတ်မှတ်ထားကြောင်း၊ ဝတ်ဆင်ပေးခြင်းမှာလည်း ချစ်ခြင်းမေတ္တာနှင့် ကိုးကွယ်ဆည်းကပ်မှုကို ဖော်ပြခြင်းဖြစ်ပြီး ဘာသာတရားကိုစော်ကားရန် ရည်ရွယ်ချက် မရှိကြောင်း၊ အိမ်မွေးခွေးတွင် အသုံးပြုသည့် အဆင်တန်ဆာများသည် BNS ပုဒ်မ ၂၉၈ အရ "မြင့်မြတ်သည်ဟု သတ်မှတ်ထားသောအရာဝတ္ထု" မဟုတ်ကြောင်းနှင့် ဘာသာတရားကို စော်ကားရန် ရည်ရွယ်ချက် မရှိဘဲ WhatsApp(Status)တွင် ပုံအား တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရာဇဝတ်တရားစွဲဆိုမှုသည် နိုင်ငံရေးအရ တွန်းအားပေးမှုဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း စသဖြင့် ငြင်းဆိုရှင်းပြ စွပ်စွဲခဲ့ပါသည်။

တရားရုံးက အမျိုးသမီး၏လုပ်ရပ်သည် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မနာလိုစိတ်မရှိကြောင်း "WhatsApp (Status)တွင် ဓာတ်ပုံတင်ခြင်းသည် ချစ်ခြင်းမေတ္တာနှင့် သူမ၏ချစ်ခင်တွယ်တာမှုကို ပြသလိုသော ရည်ရွယ်ချက်ကြောင့်ဖြစ်သည်"ဟု ဆုံးဖြတ်ခဲ့ပါသည်။

ထို့အပြင် တရားရုံးက ခွေးကို "မသန့်ရှင်းသော" သတ္တဝါဟု ခံယူထားမှုသည် ဟိန္ဒူဒဿနိက၊ ဒဏ္ဍာရီတို့နှင့် မကိုက်ညီကြောင်း၊ ဟိန္ဒူဘာသာ၏ ထင်ရှားသောကျမ်းစာများနှင့် အတွေးအခေါ်များကို ကိုးကား၍ အမျိုးသမီး၏ပြုလုပ်မှုသည် ဘုရားကိုရှုတ်ချခြင်း မဟုတ်ဘဲ ကိုးကွယ်ဆည်းကပ်မှုကို ထင်ဟပ်စေသည်ဟု ကောက်ချက်ချခဲ့ပါသည်။

တရားရုံးက အမျိုးသမီး၏ လုပ်ရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉(၁)(က)အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ယင်းဥပဒေပုဒ်မ ၂၅ အရ လွတ်လပ်စွာကိုးကွယ်ခွင့်တို့ဖြင့် အကာအကွယ် ရရှိကြောင်း၊ ပုဂ္ဂလိက ယုံကြည်မှုနှင့် ချစ်ခင်တွယ်တာမှုကို ဖော်ပြခြင်းသည် အခြားသူများ၏ စိတ်ခံစားချက်များနှင့် ခံစားချက်ချင်း မတူညီသည့်အတွက်ကြောင့် ရာဇဝတ်မှုမြောက်အောင် မပြုလုပ်နိုင်ကြောင်းတို့ကို သုံးသပ်ကာ အမှုအား အပြီးအပိုင်ပယ်ဖျက်သည့် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်အား ဖတ်ရှုခြင်းအားဖြင့် အန္ဒိယတရားစီရင်ရေးစနစ်တွင် တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာအမှုအခင်းများအပေါ် ယူဆချက်၊ ဆုံးဖြတ်ချက်များအား လေ့လာတွေ့ရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**

- https://www.indiatoday.in/india/story/punjab-and-haryana-high-court-quashes-fir-over-pet-dog-dressed-as-lord-krishna-2940666-2026-07-04
- https://indianexpress.com/article/legal-news/good-faith-court-fir-woman-pet-dog-lord-krishna-10769968/
- https://www.verdictum.in/punjab-and-haryana-high-court/ranjanni-gaur-v-state-of-punjab-2026phhc088828-pet-dog-dressed-as-lord-krishna-on-whatsapp-status-1617103
- https://chambers.com/articles/criminal-laws-rebooted-whats-new-an-article-series-by-dsk-legal-on-new-criminal-laws-of-india
- https://vakilsearch.com/bns/sections/298

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၂၃ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

